1946 - 2006 UNITE FOR CHILDREN

unicef

သတင်းထုတ်ပြန်ချက်

# မြန်မာနိုင်ငံတွင် ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာလေ့လာသင်ကြားခြင်းအတွက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)နှင့် အစ္စရေးနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခြင်း

၂၀၀၆ခုနှစ် မတ်လ (၆) ရက်၊ ရန်ကုန်မြို့။

ယူနီဆက်အဖွဲ့၊ အစ္စရေးနိုင်ငံ၏အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပညာရေး၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနတို့မှပူးပေါင်း၍ ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ ဆီလျော်သည့်အလေ့အကျင့်များနှင့် ပတ်သက်ပြီး တစ်ခုနှင့်တစ်ခုဆက်စပ်နေသောအလုပ်ရုံဆွေးနွေးပွဲ (၂) ခုအနက် ပထမအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်တွင်စတင်ဖွင့်လှစ်လိုက်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ကလေးသူငယ်တစ်ဦးချင်း၏လိုအပ်ချက်နှင့် ဖွံ့ဖြိုးနေသည့်အဆင့်များအပေါ်မူတည်၍ ဆီလျော်သည့်ပညာသင်ယူမှုကို သင်ကြားပေးနိုင်ရန်နည်းလမ်းများကို ဆွေးနွေးဖေါ်ထုတ်သွားမည်ဖြစ်သည်။ ထိုသို့ ဖေါ်ထုတ်သွားရာ၌ ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာခေတ်မှီနည်းများကိုအသုံးပြု၍ မြန်မာနိုင်ငံ၏ ကလေးသူငယ် ဖွံ့ဖြိုးမှုအစီအစဉ်တွင် လက်တွေ့ကျကျကျင့်သုံးနိုင်သည့်နည်းဗျူဟာများကို ရှာဖွေသွားမည်ဖြစ်သည်။

“ကလေးသူငယ်တစ်ဦးချင်း၏စိတ်ဝင်စားမှုနှင့်စွမ်းဆောင်နိုင်မှုအပေါ်မူတည်ပြီး ပညာသင်ယူခြင်းကို ဖေါ်ထုတ်ခြင်းဖြင့် ကလေးသူငယ်များအတွက် မိမိကိုယ်မိမိစိတ်ချခြင်း၊ ပညာသင်ယူမှုအရည်အသွေးကောင်းမွန်ခြင်းနှင့် ပညာတိုးပွားလာခြင်း စသည်တို့ကိုဖြစ်စေလိမ့်မည်”ဟု ယူနီဆက်ပညာရေးဌာနမှူး မစ္စနီကီ အာဗျစ်ရှာမီယန်မှ ပြောကြားသွားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာဝါရင့်ပညာပေးကျွမ်းကျင်သူများသည် ကလေးသူငယ်ရှေးဦးသင်ယူမှုအခွင့်အလမ်းများကို မိသားစုများသို့ဆက်သွယ်ပညာပေးရန်နည်းလမ်းများကို ဖေါ်ထုတ်သွားမည်ဖြစ်သည်။ ဤဖေါ်ထုတ်မှုသည် ကလေးသူငယ်များကျောင်းနေစအချိန်အတွက်အထောက်အကူဖြစ်စေမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ၏အဓိကမျှော်မှန်းချက်တစ်ခုမှာ ကလေးသူငယ်ပြုစုပျိုးထောင်ရေးအတွက် မြန်မာနိုင်ငံနှင့် သင့်တော်သည့် လမ်းညွှန်ချက်များရေးဆွဲနိုင်ရေးပင်ဖြစ်သည်။ ယင်းလမ်းညွှန်ချက်များသည် ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာပညာပေးသူများအတွက် နည်းလမ်းများကိုဖေါ်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။ ထို့ပြင် အလုပ်ရုံဆွေးနွေးပွဲတွင် ဖွံ့ဖြိုးမှုနှောင့်နှေးနေသည့်ကလေးများ၊ သင်ယူမှုခက်ခဲနေသည့်ကလေးများအား ပံ့ပိုးကူညီပေးနိုင်ရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်။

အရည်အသွေးကောင်းမွန်သည့်ကလေးသူငယ်ဖွံ့ဖြိုးရေးဝန်ဆောင်မှုများနှင့်မိသားစုများ၊ ကျောင်းများနှင့်ရပ်ရွာလူထုများအတွင်းစုပေါင်းလုပ်ဆောင်မှုဖြင့် မြန်မာ့ကလေးသူငယ်များအား အရေးကြီးသည့်ဘဝအစကောင်းကိုဖန်တီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း မစ္စနီကီ အာဗျစ်ရှာမီယန်ကဆက်လက်ပြောကြားသွားသည်။

*****************

ကလေးသူငယ်များတွင် ပညာသင်ကြားရေးအခွင့်အရေးရှိကြောင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်မှ အသိအမှတ်ပြုထားပါသည်။ မြန်မာနိုင်ငံသည် ထိုစာချုပ်ကို ၁၉၉၁ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

*****************


**ဆက်လက်သိလိုပါက**

**ဂျေဆင်ရပ်(ရှ်)** Jason Rush <jrush@unicef.org> **(သို့မဟုတ်) ဦးဖေတင်သိန်း** <pthein@unicef.org>

ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဌာန၊ ယူနီဆက် မြန်မာကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။



United Nations Children's Fund
6th Floor, Yangon International Hotel
330 Ahlone Road, Dagon Township
Yangon, Myanmar
P.O.Box 1435

Telephone 212086, 212087
212090, 212091
Facsimile 95-1-212063
E-mail: unicef.yangon@unicef.org
www.unicef.org/myanmar